FNILife
Assuring Peace of Mind, the Essence of Life

FIRST NATIONAL INSURANCE (LIFE) CO., LTD

Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071

Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

# ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ ပေါ်လစီ

## အခွင့်အရေးနှင့် စည်းကမ်းချက်များ

**၁။ အာမခံအကျိုးခံစားခွင့်များ**

- ဤပေါ်လစီပါ အာမခံအကျိုးခံစားခွင့် အရပ်ရပ်၏ ပေးချေမှုစုစုပေါင်းသည် စာချုပ်ချုပ်ဆိုသည့် အာမခံထားငွေ အထိသာ အများဆုံး ရရှိမည် ဖြစ်ပါသည်။
- အာမခံအကျိုးခံစားခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

  (က) သေဆုံးမှု အကျိုးခံစားခွင့်

  (ခ) ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့်

  (ဂ) ထိခိုက်ဒဏ်ရာရရှိမှုအကျိုးခံစားခွင့်

**(က) သေဆုံးမှု အကျိုးခံစားခွင့်**

- အာမခံသက်တမ်းအတွင်း အာမခံထားသူ သေဆုံးပါက သေဆုံးမှုအကျိုးခံစားခွင့်ကို သေဆုံးမှုအကျိုးခံစားခွင့် လွှဲပြောင်းခြင်းခံရသူထံသို့ တစ်လုံးတည်းထုတ်ပေးပါမည်။ သေဆုံးမှု အကျိုးခံစားခွင့်ကို ပေးချေပြီးချိန်မှစ၍ အာမခံစာချုပ်သည် ပျက်ပြယ်သွားမည်။
- သေဆုံးမှုအကျိုးခံစားခွင့်ကို မပေးချေမီ အာမခံထားသူက ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့်ကို တောင်းခံခြင်းကြောင့် ထာဝစဉ်မသန်စွမ်း အကျိုးခံစားခွင့်ကို ပေးချေလိုက်သဖြင့် အာမခံစာချုပ် ပျက်ပြယ်သွားသည့် အခြေအနေတွင် သေဆုံးမှုအကျိုးခံစားခွင့်ကို မပေးချေပါ။
- သေဆုံးမှုအကျိုးခံစားခွင့် လွှဲပြောင်းခြင်းခံရသူသည် အသက်(၁၈)နှစ်မပြည့်သေးသူ ဖြစ်လျှင် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ (၁၂) (စ)နှင့်အညီ မိဘအရင်း (သို့) တရားဝင်မွေးစားမိဘ (သို့) တရားဝင်အုပ်ထိန်းသူထံသို့သာ အကျိုးခံစားခွင့်ကို ထုတ်ပေးပါမည်။ အာမခံထားသူသည် သေဆုံးခြင်းမတိုင်ခင် ထိခိုက်ဒဏ်ရာရရှိမှု အကျိုးခံစားခွင့်တောင်းခံခဲ့ပါက ထိုတန်ဖိုးကိုနုတ်ပေးပြီး ကျန်သည့်ငွေသားကို ပေးလျော်သွားမည်။
- အာမခံထားသူ သေဆုံးချိန်တွင် သေဆုံးမှုအကျိုးခံစားခွင့် လွှဲပြောင်းခြင်းခံရသူသည် သေဆုံးပြီးဖြစ်ကာ အကျိုးခံစားခွင့် ထပ်မံလွှဲပြောင်း ထားခြင်းမရှိလျှင် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေ (၁၂) (ဆ) နှင့်အညီ အောက်ပါအစီအစဉ်အတိုင်း ထုတ်ပေးပါမည်။ သို့သော် ဤနေရာတွင် ရေးသားဖော်ပြထားသည့် ဆွေမျိုးများ မရှိသည့် အခြေအနေတွင် အမွေဆက်ခံခွင့်အထောက်အထားကို တင်ပြသည့်ပုဂ္ဂိုလ်ထံသို့ အကျိုးခံစားခွင့်ကို ထုတ်ပေးပါမည်။

  - ခင်ပွန်း/ဇနီး
  - သား/သမီး
  - မြေး
  - ညီအကို/မောင်နှမ
  - မိဘ

Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071
Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

- သေဆုံးမှုအကျိုးခံစားခွင့်ကို ထုတ်ယူရန်အတွက် လိုအပ်သော စာရွက်စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။
  - အာမခံပေါ်လစီမူရင်း
  - သေစာရင်းမိတ္တူမှန်/ အခြားသော ခိုင်လုံသည့် အထောက်အထား
  - သေဆုံးကြောင်း ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်
  - အကျိုးခံစားခွင့်တောင်းခံလွှာ
- အကယ်၍ အာမခံထားသူ သေဆုံးပြီး အလောင်းရှာမတွေ့ပါက (၂)နှစ်စောင့်ဆိုင်းရမည်ဖြစ်ပြီး မျက်မြင် အားဖြင့် သွားလာလှုပ်ရှားမှု မရှိကြောင်း ကျေးရွာ / ရပ်ကွက် အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ကို အာမခံ ကုမ္ပဏီသို့တင်ပြပါက သေဆုံးမှု အကျိုးခံစားခွင့်ကို သေဆုံးမှုအကျိုးခံစားခွင့်လွှဲပြောင်းခြင်းခံရသူ ထံသို့ တစ်လုံးတည်း ထုတ်ပေးပါမည်။

**(ခ) ထာဝစဉ်မသန်စွမ်း အကျိုးခံစားခွင့်**

- အာမခံသက်တမ်းအတွင်း အာမခံထားသူသည် မည်သည့်အကြောင်းကြောင့်ဖြစ်စေ ထာဝစဉ်မသန်စွမ်းဖြစ် ပြီး ပြန်လည်ကောင်းမွန်ရန် အလားအလာမရှိပါက အာမခံထားသူထံသို့ ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့် ကို တစ်လုံးတည်းထုတ်ပေးပါမည်။ ထာဝစဉ်မသန်စွမ်း အကျိုးခံစားခွင့်ကို ပေးချေပြီးချိန်မှစ၍ အာမခံ စာချုပ်သည် ပျက်ပြယ်သွားမည်။
- အာမခံထားသူသည် ထာဝစဉ်မသန်စွမ်းမဖြစ်ခင် ထိခိုက်ဒဏ်ရာရရှိမှု အကျိုးခံစားခွင့် တောင်းခံခဲ့ပါက ထိုတန်ဖိုးကိုနုတ်ပေးပြီး ကျန်သည့်ငွေသားကိုပေးလျော်သွားမည်။
- ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့်ကို ထုတ်ယူရန်အတွက် လိုအပ်သောစာရွက်စာတမ်းများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။
  - -အာမခံပေါ်လစီမူရင်း
  - -ဆေးကုသခြင်းကို တာဝန်ယူခဲ့သည့် အထူးကုဆရာဝန်က ထုတ်ပေးသည့် ထာဝစဉ်မသန်စွမ်းဖြစ် ကြောင်းထောက်ခံချက်
  - -ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ဆေးရုံ/ဆေးခန်းများက ထုတ် ပေးသည့် ဆေးကုသမှုမှတ်တမ်း
  - -အကျိုးခံစားခွင့်တောင်းခံလွှာ
- ထာဝစဉ်မသန်စွမ်းဖြစ်ခြင်းဆိုသည်မှာ အောက်ပါကဲ့သို့သော အခြေအနေကို ဆိုလိုပါသည်။
  - -မျက်စိနှစ်ဖက် လုံးဝ ကွယ်ခြင်း။
  - -လက်ကောက်ဝတ် အထက်ပိုင်းမှ လက်နှစ်ဖက် လုံးဝပြတ်ခြင်း၊ လုံးဝအသုံးပြု၍ မရခြင်း။
  - -ခြေကျင်းဝတ် အထက်ပိုင်းမှ ခြေထောက်နှစ်ဖက် လုံးဝပြတ်ခြင်း၊ လုံးဝအသုံးပြု၍ မရခြင်း။
  - -မျက်စိတစ်ဖက် လုံးဝကွယ်ခြင်းနှင့် လက်ကောက်ဝတ် အထက်ပိုင်းမှ လက်တစ်ဖက် လုံးဝပြတ်ခြင်း/ လုံးဝအသုံးပြု၍ မရခြင်း။
  - -မျက်စိတစ်ဖက် လုံးဝကွယ်ခြင်းနှင့် ခြေကျင်းဝတ်အထက်ပိုင်းမှ ခြေထောက်တစ်ဖက် လုံးဝပြတ်ခြင်း/ လုံးဝအသုံးပြု၍မရခြင်း။

- ဆေးကုသခြင်းကို တာဝန်ယူခဲ့သည့် အထူးကုဆရာဝန်က ထုတ်ပေးသည့် ထာဝစဉ် မသန်စွမ်း ဖြစ်ကြောင်း ထောက်ခံချက်။ သို့သော် လိုအပ်ပါက အာမခံကုမ္ပဏီက ရွေးချယ်ပေးသော ဆရာဝန်(၂)ဦးက ထုတ်ပေးသည့် ထာဝစဉ် မသန်စွမ်း ဖြစ်ကြောင်း ထောက်ခံချက်ကိုလည်း ပူးတွဲတင်ပြရမည်။

**(ဂ) ထိခိုက်ဒဏ်ရာရရှိမှု အကျိုးခံစားခွင့်**

- အာမခံသက်တမ်းတွင် အာမခံထားသူသည် မမျှော်လင့်ထားသည့် မတော်တဆမှုကြောင့် အောက်ပါဇယားတွင် သတ်မှတ်ဖော်ပြထားသော ထိခိုက်ဒဏ်ရာရရှိမှု အခြေအနေဖြစ်ပါက အဆိုလွှာနှင့် ပေါ်လစီတွင် ဖော်ပြထားသည့် အာမခံထားသူ၏ အသက်အရွယ်အလိုက် အောက်ပါဇယားတွင် သတ်မှတ် ဖော်ပြထားသည့်အတိုင်း အသက်အရွယ်ပေါ်မူတည်သည့် အကျိုးခံစားခွင့်ရာခိုင်နှုန်းအချိုးအစား (ထာဝစဉ် မသန်စွမ်း အကျိုးခံစားခွင့်ပေါ် မူတည်ပြီး တွက်ချက်သည့် ရာခိုင်နှုန်း အချိုးအစား) ဖြင့် ထိခိုက်ဒဏ်ရာရရှိမှု အကျိုးခံစားခွင့်ကို တစ်လုံးတည်းထုတ်ပေးပါမည်။ သို့သော် အာမခံထားငွေ ၁၀၀ရာခိုင်နှုန်း အပြည့်ပေးပြီးပါက ပေါ်လစီသည် အလိုအလျောက် ပျက်ပြယ်မည်။

| | အသက် ၁၈ နှစ် မှ အသက် ၆၀ နှစ် | အသက် ၆၁ နှစ် မှ အသက် ၇၅ နှစ် |
|---|---|---|
| မျက်စိတစ်ဖက် လုံးဝ ကွယ်ခြင်း | ၅၀% | |
| နားတစ်ဖက် လုံးဝ ပင်းခြင်း | ၂၅% | |
| လက်တစ်ဖက် လုံးဝ ပြတ်ခြင်း | ၅၀% | |
| ခြေတစ်ဖက် လုံးဝ ပြတ်ခြင်း | ၅၀% | |
| လက်တစ်ဖက် ကျိုးခြင်း | ၁၀% | ၅% |
| ခြေတစ်ဖက် ကျိုးခြင်း | ၁၀% | ၅% |

- သတ်မှတ်ထားသော ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်ပွားချိန်နှင့် တစ်ချိန်တည်းတွင် သေဆုံးခြင်း သို့မဟုတ် ထာဝစဉ်မသန်စွမ်းခြင်း ဖြစ်ပွားခဲ့ပါက ထိခိုက်ဒဏ်ရာရရှိမှု အကျိုးခံစားခွင့်ကို မပေးချေပါ။
- ထိခိုက်ဒဏ်ရာရရှိမှု အခြေအနေ ၂ခုနှင့်အထက် ကိုက်ညီနေပါက အသီးသီးသော ထိခိုက်ဒဏ်ရာရရှိမှု အခြေအနေနှင့်ကိုက်ညီသည့် အကျိုးခံစားခွင့် ရာခိုင်နှုန်း အချိုးအစားဖြင့် ထိခိုက်ဒဏ်ရာရရှိမှုအကျိုးခံစားခွင့်ကို ထုတ်ပေးပါမည်။
- ထိခိုက်ဒဏ်ရာရရှိမှု အကျိုးခံစားခွင့်ကို ထုတ်ယူရန်အတွက် လိုအပ်သောစာရွက်စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

    -အာမခံပေါ်လစီမူရင်း

    -ဆေးကုသခြင်းကို တာဝန်ယူခဲ့သည့် အထူးကုဆရာဝန်က ထုတ်ပေးသည့် ထိခိုက်ဒဏ်ရာရရှိမှု အခြေအနေ ထောက်ခံချက်

    -ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ဆေးရုံ/ဆေးခန်းများက ထုတ်ပေးသည့် ဆေးကုသမှုမှတ်တမ်း

    -အကျိုးခံစားခွင့်တောင်းခံလွှာ

FNILife
Assuring Peace of Mind, the Essence of Life

FIRST NATIONAL INSURANCE (LIFE) CO., LTD
Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071
Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

**၂။ စာချုပ်ဖျက်သိမ်းအမ်းငွေ**

- စာချုပ်ဖျက်သိမ်းအမ်းငွေမရှိပါ။

**၃။ အကျိုးခံစားခွင့်မရနိုင်သည့်ကိစ္စများ**

- အာမခံထားသူသည် အောက်ဖော်ပြပါ အကြောင်းကိစ္စရပ် တစ်ခုခုကြောင့် သေဆုံးပါက သေဆုံးမှု အကျိုးခံစားခွင့်ကို မပေးချေပါ။
  - (က) မိမိကိုယ်ကိုသတ်သေခြင်း
  - (ခ) ပေါ်လစီရှင်၏ တမင်ရည်ရွယ်လုပ်ဆောင်မှုဖြစ်ခြင်း
  - (ဂ) အာမခံထားသူက ရာဇဝတ်မှုကျူးလွန်ခြင်း၊ ဥပဒေချိုးဖောက်ခြင်း
  - (ဃ) သေဆုံးမှု အကျိုးခံစားခွင့် လွှဲပြောင်းခြင်းခံရသူ၏ တမင်ရည်ရွယ်လုပ်ဆောင်မှု ဖြစ်ခြင်း
  - (င) မူးယစ်ဆေးဝါး သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေသောဆေးကို သုံးစွဲခြင်း
  - (စ) AIDS/ HIV
  - (ဆ) စစ်ပွဲ၊ အကြမ်းဖက်ဖျက်ဆီးခြင်း၊ အဓိကရုဏ်း၊ ၎င်းတို့နှင့် အလားတူ ဖြစ်ရပ် များ
  - (ဇ) အာမခံဝယ်ယူစဉ်က ဖော်ပြရန်ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါများ
- အာမခံထားသူသည် အောက်ဖော်ပြပါ အကြောင်းကိစ္စရပ် တစ်ခုခုကြောင့် ထာဝစဉ် မသန်စွမ်း ဖြစ်ပါက ထာဝစဉ်မသန်စွမ်း အကျိုးခံစားခွင့်ကို မပေးချေပါ။
  - (က) ပေါ်လစီရှင်၏ တမင်ရည်ရွယ်လုပ်ဆောင်မှုဖြစ်ခြင်း။
  - (ခ) အာမခံထားသူ၏ တမင်ရည်ရွယ်လုပ်ဆောင်မှုဖြစ်ခြင်း
  - (ဂ) အာမခံထားသူက ရာဇဝတ်မှုကျူးလွန်ခြင်း၊ ဥပဒေချိုးဖောက်ခြင်း
  - (ဃ) မိမိကိုယ်ကိုသတ်သေရန် ကြိုးစားခဲ့သော်လည်း မသေဆုံးခဲ့ခြင်း
  - (င) မူးယစ်ဆေးဝါး သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေသောဆေးကို သုံးစွဲခြင်း
  - (စ) AIDS/HIV
  - (ဆ) စစ်ပွဲ၊ အကြမ်းဖက်ဖျက်ဆီးခြင်း၊အဓိကရုဏ်း၊ ၎င်းတို့နှင့် အလားတူ ဖြစ်ရပ်များ
  - (ဇ) အာမခံဝယ်ယူစဉ်က ဖော်ပြရန်ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါများ
- အာမခံထားသူသည် အောက်ဖော်ပြပါ အကြောင်းကိစ္စရပ် တစ်ခုခုကြောင့် သတ်မှတ်ထားသော ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်ပါက ထိခိုက်ဒဏ်ရာရရှိမှု အကျိုးခံစားခွင့်ကို မပေးချေပါ။
  - (က) ပေါ်လစီရှင်၏ တမင်ရည်ရွယ်လုပ်ဆောင်မှုဖြစ်ခြင်း သို့မဟုတ် ကြီးမားသော ပေါ့ဆမှုဖြစ်ခြင်း
  - (ခ) အာမံထားသူ၏ တမင်ရည်ရွယ်လုပ်ဆောင်မှုဖြစ်ခြင်း သို့မဟုတ် ကြီးမားသော ပေါ့ဆမှုဖြစ်ခြင်း
  - (ဂ) အာမခံထားသူက ရာဇဝတ်မှုကျူးလွန်ခြင်း၊ဥပဒေချိုးဖောက်ခြင်း
  - (ဃ) အာမခံထားသူ၏ စိတ်ရောဂါဝေဒနာကြောင့်ဖြစ်သည့် မတော်တဆမှု
  - (င) လျှောင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း သို့မဟုတ် ဆူနာမီဖြစ်ခြင်း
  - (စ) စစ်ပွဲ၊ အကြမ်းဖက်ဖျက်ဆီးခြင်း၊ အဓိကရုဏ်း၊ ၎င်းတို့နှင့် အလားတူဖြစ်ရပ်များ
  - (ဆ) မူးယစ်ဆေးဝါး သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေသောဆေးကို သုံးစွဲခြင်း